## ဆင်ငိုမြက်

Scientific name - *Eleusine indica* (L.) Gaertner

Common name - Goose grass

Family - Poaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး အခြေမှဖြာထွက်၍သော်လည်းကောင်း အမြင့်သို့ ထောင်မတ်၍ ၄၀ စင်တီမီတာအမြင့်ထိလည်းကောင်း ပေါက်သည်။ ပင်စည်အောက်ခြေမှ ကိုင်းများစွာထွက်ပြီး အောက်ပိုင်းအဆစ်များမှ အမြစ်များထွက်သည်။ ပင်စည်သည်ဘေးတိုက်ပြားပြီး အဖြူရောင် (သို့) အစိမ်းဖျော့ရောင် ရှိသည်။ အရွက်အပေါ်မျက်နှာပြင်တွင် အမွေးအနည်းငယ်ရှိသည်။ ရွက်ပြားနှင့် ရွက်ဖုံးဆုံရာရွက်နားတွင် အမွေးရှည်များရှိသည်။ ပန်းခိုင်အစုသည် ပန်းခိုင် ၃ခုမှ ၈ ခုဖြင့် ဖွဲ့စည်းထားသည်။ အစေ့သည် နီညိုရောင် သို့မဟုတ် အနက်ရောင်ရှိပြီး ထင်ရှားသောအမြှောင်းများ ပါရှိသည်။ အစေ့အားဖြင့်မျိုးပွားပြီး မျိုးစေ့အချို့တွင်အစေ့ငုပ်ခြင်း ရှိသည်။ သို့သော်အများအားဖြင့် အစေ့ငုပ်ကာလတိုတောင်းသည်။